ဤဥပဒေများမှာ ဝန်ထမ်းများ ရွှေ့ပြောင်းမှုအခြေအနေပေါ်မူတည်ပြီး ဝန်ထမ်းများကို ကာကွယ်ပေးပါသည်။ ကာကွယ်ပေးထားခံရသော ဝန်ထမ်းများသည် ဥပဒေနှင့် အညီ လုပ်ဆောင်ရမည် ဖြစ်သည်။ လက်တုံ့ပြန်ခြင်းသည် တရားမဝင်ပါ။

**စတင်အကျုံးဝင်မည့်နေ့ ဇူလိုင် 1, 2020**

အလုပ်သမားရေးရာရုံး (Office of Labor Standards) (OLS) ၏ ရည်မှန်းချက်မှာ အလုပ်သမားများအဆင့်အတန်းကို မြင့်မားသော လုပ်ထုအဆင့်အတန်း နှင့် လုပ်ငန်းတွန်အား၊ ဗျူဟာပြည်ဝသော အားပေးလုပ်ဆောင်ချက်နှင့် တီထွင်စွမ်းအားနှင့်မူဝါဒ တိုးတက်မှုတို့ကို လူမျိုးနှင့် လူ့အသိုက်အဝန်းကို အားဖြည့်ပေးနိုင်အောင်လုပ်ဆောင်ရင်း တိုးတက်လာစေလိုပါသည်။

ဤပိုစတာမှာ အလုပ်ခွင်၏ လူမြင်ကွင်းတွင် အင်္ဂလိပ်ဘာသာ နှင့် ဝန်ထမ်း(များ) ပြောဆိုသော ဘာသာစကားတို့ဖြင့် ချိတ်ဆွဲပြသထားရမည်။ အလုပ်သမားရေးရာရုံးမှ ဘာသာပြန်များ၊ စကားပြန်များနှင့် မသန်စွမ်းများအတွက် အထောက်အပံ့များကို ထောက်ပံ့ပေးပါသည်။

# 2023 Ancillary ဟိုတယ်လုပ်ငန်းများ၏ ဝန်ထမ်းများ ရပိုင်ခွင့်များအကြောင်းကြားစာ

## သင်ကောပါဝင်ပါသလား။

**"ANCILLARY ဟိုတယ်လုပ်ငန်းဆိုသည်မှာ " (AHB) အဘယ်နည်း။**

လုပ်ငန်းတစ်ခုသည် ဟိုတယ်နှင့် ဆက်နွယ်နေသော လုပ်ငန်းဖြစ်ပါက ၎င်းလုပ်ငန်းသည် AHB ဖြစ်သည်။

**1.** ပုံမှန် ဟိုတယ်တစ်ခုနှင့် ဆက်သွယ်ပြီး ဧည့်သည်များအား ဝန်ဆောင်မှုပေးနေရသည့် လုပ်ငန်း

**2.** ဟိုတယ်၏ တစ်နေရာတွင် နေရာငှားပြီး ဧည့်သည်များကို ဝန်ဆောင်မှုများပေးသော လုပ်ငန်း

**3.** ဟိုတယ်အတွင်း ဧည့်သည်များနှင့် အခြားလူများကို အစားအစာနှင့် မုန့်များ ထောက်ပံ့ပေးသော ဝင်ပေါက်ရှိသည့် လုပ်ငန်း

အကျုံးဝင်သော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဟိုတယ်မှ ရေတို ထောက်ပံ့မှုများဖြစ်သည့် အစားအစာ သို့မဟုတ် မုန့်များ၊ ပြင်ဆင်ရေး၊ ကွန်ဖရန့်အခန်းများနှင့် ပွဲခန်းမများ၊ ပင်မင်လုပ်ငန်းနှင့် ကားနေရာထား ပြင်ဆင်ရေးလုပ်ငန်းများအတွက်ပါ ပါဝင်သည်။

သင့်လုပ်သော လုပ်ငန်းမှာ AHB ဖြစ်ကြောင်းနှင့်ပတ်သတ်ပြီး ပိုမိုသိရှိလိုပါက အလုပ်သမားရေးရာရုံး ဝက်ဘ်ဆိုက်တွင် လေ့လာပါ။

SMC 14.26

## အကြမ်းဖက်မှုမှ ကာကွယ်ခြင်း

**ဧည့်သည်များ၏ အပြုအမူများနှင့် နှောက်ယှက်ခံရခြင်း သို့မဟုတ် အကြမ်းဖက်ခံရခြင်းမှ ဝန်ထမ်းများကို ကာကွယ်ခြင်း**

**ဘယ်သူတွေဒါကို လျှောက်ထားနိုင်သနည်း။**

AHB အတွက်ဟိုတယ်ရှိ 60 သို့မဟုတ် ၎င်းထက်ပိုသော ဟိုတယ်ခန်းများနှင့် အဆက်အစပ်ရှိသော ဝန်ထမ်းများ

**ဝန်ထမ်းများ၏ ရပိုင်ခွင့်မှာ**

- ဟိုတယ်ဧည့်သည်အခန်းများတွင် အလုပ်လုပ်နေစဉ် သို့မဟုတ် ပစ္စည်းပို့နေချိန်တွင် အရေးပေါ်ခလုတ်များကို နှိပ်ခြင်း (ဟိုတယ်မှ ထောက်ပံ့ပေးထားသော)
- သင့်အလုပ်ရှင်ထံသို့ အကြမ်းဖက်မှု သို့မဟုတ် ဧည့်သည်မှ နှောက်ယှက်မှုများကို တိုင်ကြားခြင်း
- ဟိုတယ် ဧည့်သည်များမှ အကြမ်းဖက်မှု သို့မဟုတ် နှောက်ယှက်မှုများမှ ကာကွယ်ခံရခြင်း
- ထိုဧည့်သည်မှာ အကြမ်းဖက်မှု သို့မဟုတ် နှောက်ယှက်မှုများဖြင့် တိုင်ကြားခံထားရစဉ် ဟိုတယ်ခန်းသို့ အလုပ်လုပ်ခိုင်းခြင်း သို့မဟုတ် ပစ္စည်းပို့ခြင်းတို့ကို တာဝန်မပေးခြင်း

**အကယ်၍ ဝန်ထမ်းသည် ဧည့်သည်များမှ အကြမ်းဖက်မှု သို့မဟုတ် နှောက်ယှက်မှုများမှ ခံထားသူဖြစ်ပါက ၎င်း၏ ရပိုင်ခွင့်မှာ**

- ၎င်းတို့၏ ရွေးချယ်မှုအတိုင်း မတူနေရာ အလုပ်နေရာတွင် သွားအလုပ်လုပ်ရန် အဆိုင်းခံခွင့်တောင်းခြင်း
- ဝန်ထမ်း ဥပဒေရေးရာဆိုင်ရာနှင့် ထောက်ပံ့ပေးမည့်လူနှင့်စကားပြောရန် ဝင်ငွေရ အချိန်ရရှိခြင်း
- King County လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ရေးရာ စင်တာ မှ အထောက်အပံ့ဝန်ဆောင်မှုများ၊ အရင်းအမြစ်များ နှင့်/သို့မဟုတ် ဖုန်းခေါ်ဆိုရန် အဆက်သွယ်များ (24 နာရီဖုန်းလိုင်း) ရရှိခြင်း 1-888-998-6423
- Washington 7.69.030 ပြင်ဆင်ကုဒ်ဥပဒေ(Revised Code of Washington) အတိုင်း ထောက်ပံ့သည့် ခံရသူအတွက် အကျိုးခံစားခွင့်များရခြင်း

SMC 14.28

## ကျန်းမာရေးစောင့်ရှောက်မှု ရယူနိုင်ခြင်း

**အလုပ်ရှင်များ ကျန်းမာရေးစောင့်ရှောက်မှု အသုံးစရိတ်များ ပြုလုပ်ရန်လိုအပ်သည်။**

**ဘယ်သူတွေဒါကို လျှောက်ထားနိုင်သနည်း။**

(1) AHB အတွက် အလုပ်လုပ်နေသော နာရီပိုင်း ဝန်ထမ်းများ သို့မဟုတ် ဟိုတယ်ရှိ ၁၀၀ သို့မဟုတ် ၎င်းထက်ပိုသော ဟိုတယ်ခန်းများနှင့် အဆက်အစပ်ရှိသော ဝန်ထမ်းများ နှင့် (2) တစ်လလျှင် ပျမ်းမျှ နာရီ ၈၀ သို့မဟုတ် အထက် လုပ်ရသည့် ဝန်ထမ်းများ ကြီးကြပ်သူများ၊ မန်နေဂျာများ သို့မဟုတ် အလုပ်သမား ဆက်နွယ်မှုအကြောင်း စီမံခန့်ခွဲ စည်းမျဉ်း အတည်ပြုပေးနေရသည့် ဝန်ထမ်းများ၊ မပါဝင်ပါ။

**ဝန်ထမ်းများ၏ ရပိုင်ခွင့်မှာ**

- အလုပ်ရှင်မှတစ်ဆင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့ငွေကို ရယူပြီး ကျန်းမာရေး စောင့်ရှောက်မှုကို အဆင့်မြှင့် ရနိုင်ခြင်း
- အောက်ပါအတိုင်း တစ်ခု သို့မဟုတ် ၎င်းထက်ပိုမိုပြီး အသုံးပြုရန် ငွေပေးချေမှုများ ပြုလုပ်နိုင်ခြင်း

  (1) ပုံမှန်ဝင်ငွေ၏ ပေးချေမှုများ

  (2) အလုပ်ရှင် စပွန်ဆာပေး ကျန်းမာရေး အာမခံအစီအစဉ် ထံသို့ ငွေပေးချေမှုများနှင့်/သို့မဟုတ်

  (3) အခွန်လျှော့ပေါ့ ကျန်းမာရေး အစီအစဉ်များ သို့ ပေးချေမှုများ (ဥပမာ - ကျန်းမာရေးငွေစုအကောင့်များ)

| 2023 နှုန်းထားများ[†] | |
|---|---|
| **လစဉ်အသုံးပြုငွေ** | **မိသားစုအလိုက်** |
| **$518** | ဝန်ထမ်းတစ်ဦးတည်း |
| **$881** | မှီခိုသူများရှိသော ဝန်ထမ်းတစ်ဦးတည်း |
| **$1,036** | အိမ်ထောင်ဖက်ရှိသော ဝန်ထမ်း၊ မှီခိုသူမရှိ |
| **$1,555** | မှီခိုသူများနှင့် အိမ်ထောင်ဖက်ရှိသော ဝန်ထမ်း၊ |

**[†]နှစ်တစ်ခုချင်း၏ နှုန်းထားများကို ယခင်နှစ်၏ ဇွန် 30 ထက်နောက်မကျဘဲ ကြေငြာပေးပါသည်။**

SMC 14.29

## အလုပ်အားထိန်းသိမ်းခြင်း

**အလုပ်ရှင်ပြောင်းလဲမှုရှိပြီးပါက ဝန်ထမ်းများအား ထိန်းသိမ်းထားဂုန် လိုအပ်သည်။**

**ဘယ်သူတွေဒါကို လျှောက်ထားနိုင်သနည်း။**

(1) AHB အတွက် ဟိုတယ်ရှိ 60 သို့မဟုတ် ၎င်းထက်ပိုသော ဟိုတယ်ခန်းများနှင့် အဆက်အစပ်ရှိသော ဝန်ထမ်းများ နှင့် (2) AHB ကိုရောင်းချခြင်းမပြုမီ AHB အတွက် ရက်ပေါင်း 30 လုပ်ပေးခဲ့သော ဝန်ထမ်းများ ကြီးကြပ်သူများ၊ မန်နေဂျာများ သို့မဟုတ် အလုပ်သမား ဆက်နွယ်မှုအကြောင်း စီမံခန့်ခွဲ စည်းမျဉ်း အတည်ပြုပေးနေရသည့် ဝန်ထမ်းများ၊ မပါဝင်ပါ။

**ဝန်ထမ်းများ၏ ရပိုင်ခွင့်မှာ**

- လုပ်ငန်း၏ ပိုင်ဆိုင်သူပြောင်းလဲကြောင်း အကြောင်းကြားခံရခြင်း
- လာမည့်အလုပ်ရှင်သစ်ထံမှ လက်ရေးဖြင့် အလုပ်ကမ်းလှမ်းချက် ရခြင်း (လုပ်သက်ပေါ်မူတည်ပြီး)
- ဝန်ထမ်းအား အလုပ်ဖြုတ်ခြင်း သို့မဟုတ် လူလျှော့ခြင်း (လုပ်သက်အလိုက်) ရှိပါက အလုပ်ရှင်အသစ်ဖြင့် ရက်ကိုးဆယ်အလုပ်ခန့်မှု
- 90 ရက်ပြည့်ချိန်တွင် လုပ်ဆောင်ချက် စစ်ဆေးမှု

ဥပဒေတစ်ခုချင်းအတွက် အကျုံးဝင်မည့် နေ့များ၏ အချက်အလက်များကို ဝက်ဘ်ဆိုက်တွင် လေ့လာရန်

## ဝန်ထမ်းအခွင့်အရေးများကို သိရန်

**လက်တုံ့ပြန်ခြင်းအား တားမြစ်ထားသည် -** ဤဥပဒေများသည် ဝန်ထမ်းများကို လက်တုံ့ပြန်ခြင်း သို့မဟုတ် ရပိုင်ခွင့်များအား မျက်ကွယ်ပြုခြင်းတို့မှ ကာကွယ်ပေးထားသည်။

**တိုင်ကြားမှုပြုလုပ်ခွင့်ရှိခြင်း -** ဝန်ထမ်းများတွင် OLS နှင့် တိုင်ကကြားမှု ပြုလုပ်ရန် သို့မဟုတ် အလုပ်ရှင်မှ ချမှတ်ထားသော ဥပဒေကို ဖောက်ဖျက်ပါက တရားစွဲဆိုခွင့် ရှိသည်။

**ဆက်သွယ်ရန် -**

**အလုပ်သမားရေးရာရုံး**

**အလုပ်ရှင်များ**

တိုင်ကြားမှု ဆိုင်ရာ အကူအညီ နှင့်/သို့မဟုတ် လေ့ကျင့်ရေး ရရှိနိုင်သည်

**ဝန်ထမ်းများ**

OLS နှင့် တိုင်ကြားခြင် သို့မဟုတ် တရားဆွဲရန် ဖောင်ဖြည့်ခြင်း ပြုလုပ်နိုင်သည်။

**206-256-5297**

**www.seattle.gov/laborstandards**

810 THIRD AVE, SUITE 375 SEATTLE, WA 98104 | LABORSTANDARDS@SEATTLE.GOV